# ပဏာမ အစီရင်ခံစာ- City Heights Building Healthy Communities အိမ်ယာ အစည်းအဝေး တွေ့ရှိချက်များ။ *လျှပ်တပျက် ကားချပ်ပုံ*

**Mid-City CAN အိမ်ယာအစည်းဝေး ခေါင်းဆောင်များ (House Meeting Leaders) ဟာ City Heights မှာ နေထိုင် ကြတဲ့ ပြည်သူ တို့ဆီအရောက် သွားခဲ့ကြပါတယ်။ City Heights ထဲ နေထိုင်ကြတဲ့ မြန်မာ၊ ဆိုမာလီ၊ အာရပ်၊ စပိန်၊ ဗီယက်နမ် စတဲ့ ဘာစကားများ နှင့် ယဉ်ကျေးမှု မျိုးစုံကြတဲ့ ပြည်သူများနှင့် တွေ့ဆုံဖို့ ဒေသအနှံ့မှာ အစည်းဝေးတွေ လုပ်ခဲ့ကြပါတယ်။**

**ရပ်ကွက်ကျန်းမာရေးဆိုင်ရာ ပြည်သူများရဲ့ အမြင်-**

1. စူးစမ်းမှုထဲပါဝင်ဖြေကြားခဲ့ကြသူ 45% တို့က ရပ်ကွက်ပြည်သူ များဟာ **မကျန်းမာကြဘူးလို့** တွေ့မြင်ကြပါတယ်။
2. **စူးစမ်းမှုထဲက 20.5% တို့ဟာ အလုပ်မရှိခဲ့ကြပါဘူး။**
3. မိမိတို့ နေအိမ်များ၊ ရပ်ကွက်ထဲ နှင့် ကျောင်းများမှာ ''လုံခြုံတယ်လို့ ခံစားရသူ''တို့ဟာ **ပျမ်းမျှထက် နည်းပါတယ်။**
4. 75% တို့ဟာ လူဆိုးဂိုဏ်များ နှင့် မူးယစ်ဆေးဝါးများကို မိမိတို့ ပတ်ဝန်းကျင်မှာ ကြောက်ရွံ့ကြပါတယ်။
5. 18.6% တို့ဟာ နေ့ခင်းမှာ လမ်းလျှောက်ရတာ မလုံခြုံဘူးလို့ ခံစားနေကြကာ 46.6% ကျတော့ ညဖက်မှာ မလုံခြုံဘူးလို့ ခံစားမိကြပါတယ်။
6. အမျိုးသမီးများဟာ ညဖက်မှာ ပိုမလုံမခြုံ ခံစားမိကြပါတယ်။
7. အမျိုးသားများက နေ့ခင်းမှာ ပိုပြီး မလုံမခြုံ ခံစားကြပါတယ်။
8. မိသားစု 62%တို့ဟာ သူတို့ကလေးတွေ အထက်တန်းကျောင်း မပြီးကြမှာကို စိုးရိမ်နေကြပါတယ်။
9. 13% ကျတော့ သူတို့ကိုယ်တိုင် သို့မဟုတ် မိသားစုဝင်များ ဆီမှာ ပန်းနာ သို့မဟုတ် ဆီးချိုရှိနေကြောင်း ပြောကြပါတယ်။
10. ပန်းနာ သို့မဟုတ် ဆီးချိုရှိနေကြသူတို့ထဲက 70% တို့ဟာ ဆေးကုသမှု မခံစားကြရပါဘူး။

**ရပ်ကွက်ပြည်သူများ လိုလားကြတာက-**

1. Community Center ကနေပြီး သူတို့အတွက် ကျွမ်းကျင်မှု အသစ်တွေ ယူနိုင်ကာ အလုပ်လုပ်နိုင်လာအောင် နှင့် ဘဝ ပိုကောင်းလာစေမယ့် သင်တန်းများ စီစဉ်အားပေးစေလို ပါတယ်။
2. **လမ်းများကို ပတ်ဝန်းကျင်နှင့် အံဝင်ဂွင်ကျ ပုံစံရေးဆွဲလျက် လမ်းကြားများမှာ မီးထွန်းပေးခြင်းဖြင့် ရာဇဝတ်မှုကို ဟန့်တားပေးရန်။**
3. လမ်းကြိုးလမ်းကြားများကို စောင့်ရှောက် ကြည့်ရှုပေးရန်။
4. အိမ်ရာဝန်းကျင် စောင့်ကြည့်ရန် နှင့် ရပ်ကွက်အုပ်စုပါတီများ။

**ဥပဒေလွှမ်းမိုးရေး ပြောင်းလဲမှုများ-**

1. ပုလိပ်ကင်းများ တိုးပြီးချပေးရန်။
2. လူမျိုးအလိုက် ထိန်းချုပ်မှုများ လျှော့ချရေး နှင့် ပုလိပ်ဖက်မှ စစ်ဆေးမှုများကို ယဉ်ကျေးမှုကို ထည့်တွက်လုပ်ကိုင်ပေးရန်။
3. ဆက်သွယ်တိုင်ကြားမှုများကို ချက်ချင်း တုန့်ပြန်ခြင်းဖြင့် ဥပဒေများ ထိထိရောက် လွှမ်းမိုးစေရန်။
4. ရာဇဝတ်မှုများကို မှတ်တမ်းတင်မခံရဘဲ တိုင်ကြားနိုင်မယ့် ''လုံခြုံတဲ့ နေရာ'' စီစဉ်ပေးရန်။

**ကျန်းမာရေး ခံစားခွင့်များ နှင့် အရည်အသွေး**

1. ကျန်းမာရေး ခံစားခွင့်များ နှင့် အရည်အသွေးမှာ အစဉ်ဆိုသလို ပျမ်းမျှထက် နိမ့်ကျနေ။
2. စူးစမ်းလေ့လာခံခဲ့ကြရသူ 51.2 ရာနှုန်းတို့ဟာ ကျန်းမာရေး အာမခံ တခုမှ မရှိခဲ့ပါဘူး။
3. စူးစမ်းလေ့လာခံခဲ့ကြရတဲ့ လာတီနို 70 တို့ဆီမှာ ကျန်းမာရေး အာမခံ မရှိခဲ့ပါဘူး။
4. City Heights ထဲက အိမ်ပိုင်ရှင် အများအပြားတို့ဆီမှာ ကျန်းမာရေးအာမခံ မရှိပါဘူး။
5. 49.2% တို့ဟာ လက်ရှိ ကျန်းမာရေးဝန်ဆောင်ပေးမှုကို မကျေနပ်ကြပါဘူး။

**ရပ်ကွက်ပြည်သူများ လိုလားကြတာက-**

1. ဆေးကုဌာနများမှာ ယဉ်ကျေးကြတဲ့ ဆရာဝန်များ နှင့် သူနာပြု ဆရာမများဖြင့် ပိုကောင်းမွန်စွာ ဝန်ဆောင်ပေးရန်။
2. သူတို့ကလေးများအတွက် ခံစားခွင့်များကို ချက်ခြင်းရအောင် စီစဉ်ပေးရန်။
3. ကျန်းမာရေး စစ်ဆေးမှုများ နှင့် တင်ကြိုကာကွယ်မှုများ  တိုးပြီးလုပ်ပေးရန်။
4. သွားကုသမှု ပိုလွယ်လာစေရန် နှင့် ဆေးများ ဈေးသက်သာ လာစေရန်
5. ယဉ်ကျေးမှုကို ထည့်တွက်လျက် လိင်ကိစ္စ သင်ကြားပေးရန် နှင့် အိမ်တွင်း အကြမ်းဖက်မှုများကို အကြံပေးထိန်းချုပ်ပေးရန်
6. အိမ်ယာကျန်းမာရေး လက်တွေ့သင်ပေးရန်

City Heights ထဲက အိမ်ယာအခြေအနေ

1. တတ်နိုင်ကြတဲ့ အိမ်ယာများ ပျမ်းမျှထက်နည်းနေကာ အများစုမှာ အိမ်ငှါးနေကြရပါတယ်။
2. အိမ်ယာများမှာ အရည်အသွေး ပျမ်းမျှထက် နိမ့်ကျနေကာ  မှိုများ ပိုးဟပ်များစတဲ့ ကျန်းမာရေး အန္တရာယ်များ ရှိနေ ကြောင်း ရပ်ကွက်ပြည်သူများ ညည်းကြပါတယ်။
3. အာရှ နှင့် အာဖရိကမှ ပြောင်းလာကြတဲ့ ပထမမျိုးဆက်များ အကြားမှာ အိမ်ပိုင်ရှိခဲ့ကြသူ (4%) အထိ နည်းခဲ့ပါတယ်။
4. စူးစမ်းလေ့လာခဲ့တဲ့ လာတီနိုများထဲက 13 ရာနှုန်းတို့ဟာ အိမ်ပိုင်ဆိုင်ခဲ့ကြပါတယ်။

**ရပ်ကွက်ပြည်သူများ လိုလားကြတာက-**

1. သူတို့ရဲ့ဝင်ငွေများ (ပျမ်းမျှဝင်ငွေ $25,000 ရှိပါတယ်) နှင့် ကိုက်ညီမယ့် တတ်နိုင်ကြမယ့် အိမ်ယာများ တိုးစီစဉ်ပေးရန်။
2. အိမ်ငှါးများအဖွဲ့ဖက်မှနေပြီး အိမ်ငှါးခကို ထိန်းချုပ်ထားရန် နှင့် အိမ်ယာကျင့်စဉ် လိုက်နာရေး ကိစ္စထဲ ကူလုပ်ပေးရန်။

အစီရင်ခံစာအပြည့်ကို ဖတ်ရှုရန် ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုဒ် - http://www.midcitycan.org/files/Data/100119-BHC_Preliminary_Findings.pdf

*အိမ်ယာအစည်းဝေး ခေါင်းဆောင်များ (House Meeting Leaders) နှင့် Building Healthy Communities Initiative တို့အကြောင်း ပိုသိလိုကြပါက Nohelia Patel Lead Organizer ကို 619/283-9624 x 217မှာဖြစ်စေ၊ အီးမေးလင့် npatel@midcitycan.org. မှာဖြစ်စေ ဆက်ကြပါ။*

# ပဏာမ အစီရင်ခံစာ- City Heights Building Healthy Communities အိမ်ယာ အစည်းအဝေး တွေ့ရှိချက်များ။ *လျှပ်တပျက် ကားချပ်ပုံ*

**အပြင်ထွက်စားရေး နှင့် ရွေးစရာအစားအစာများ-**

1. ရပ်ကွက်ပြည်သူများဟာ ပျမ်းမျှအားဖြင့် တလမှာ လေးကြိမ် အပြင်ထွက်စားကြပါတယ်။
2. အမြန်စား စားသောက်ဆိုင်များ လူကြိုက်များပါတယ်။
3. ကလေးများကပါ ပီဇား နှင့် ဘါးဂျားတွေ စားရတာကို ကြိုက်ကြပါတယ်။
4. ကလေးများအကြားမှာ အသီးစားမှုဟာ နေ့စဉ်စားသင့်တဲ့ 3-5 ကြိမ်ထက် နည်းနေပါတယ်။ လကုန်ခါနီးမှာ အသီးနှင့်ဟင်းသီး ဟင်းရွက်စားမှု ပမာဏဟာ နည်းပါတယ်။
5. ပါဝင်ဖြေကြားပေးခဲ့ကြသူ 30% တို့ဟာ သူတို့ရဲ့ အသီးနှင့် ဟင်းသီးဟင်းရွက်များကို လယ်သမားဈေးမှာ ဝယ်ကြပါတယ်။

**ရပ်ကွက်ပြည်သူများ လိုလားကြတာက-**

1. ရပ်ကွက်ခြံများကို လေ့လာလျက် အဲဒီမှာ ပါဝင်ကြရန်။
2. ကုန်စုံဆိုင်များမှာ နာမည်ကြီးတံဆိပ် အစဉ်အလာစားစရာများ (ဟာလာလ် လုပ်ထားတဲ့ အသားလို) ပိုရောင်းပေးရန်။
3. ကျောင်းအစားအစာများ ကျန်းမာရေးနှင့် ပိုကိုက်ညီရန်။

**ရပ်ကွက်ပြည်သူများ ဘယ်လို သွားလာကြပါသလဲ?**

1. ရပ်ကွက်ပြည်သူ 58.4% တို့ဟာ ကားနှင့်သွားလာကြပါတယ် (တနိုင်ငံလုံး ပျမ်းမျှမှာ 82.4% ဖြစ်ပါတယ်)
2. အနီးဝန်းကျင် သွားလာရေးအတွက် လမ်းလျှောက်ရေးမှာ အရေးကြီးတဲ့ နည်းလမ်းတရပ် ဖြစ်ပါတယ် (10.9 ရာနှုန်း)
3. သွားလာရန် ဘတ်စ်ကားသုံးမှုဟာ 13.2% ရှိပါတယ် (တနိုင်ငံ လုံးပျမ်းမျှမှာ 2.96% ဖြစ်ပါတယ်)။
4. လာတီနို 17.9% နှင့် အာဖရိကအမေရိကင် 14.8% တို့ဟာ ပို့ဆောင်ရေးစနစ်ကို သုံးကြပါတယ်။
5. ပို့ဆောင်ရေးစနစ်ရဲ့ အရည်အသွေးကို သုံးစွဲကြသူတို့ မကြိုက်ကြပါဘူး။

**ရပ်ကွက်ပြည်သူများ လိုလားကြတာက-**

1. လမ်းလျှောက်ရေး နှင့် ပို့ဆောင်ရေးစနစ်ကို ဦးစားပေးတဲ့ ရပ်ကွက်။
2. ဘတ်စ်ကားတွေ တိုးပြီး စီစဉ်ပေးရန်။
3. လူမှုဘဝ ဝန်ဆောင်မှုများဆီသွားရေး နှင့် မသန်မစွမ်းကြသူ များအတွက် ပို့ဆောင်ရေးစနစ် အဆင်ပြေရေး
4. ဘတ်စ်မှတ်တိုင်များ ပိုအဆင်ပြေအောင် ပုံစံဆွဲပေးရန်

**City Heights ကလေးငယ်များ နှင့် လူငယ်များ-**

1. ကလေးငယ်များ နှင့် လူငယ်များအတွက် ဝန်ဆောင်မှုများ နှင့် အခွင့်အလမ်းများ မလုံလောက်ပါ။
2. ပန်းခြံများ နှင့် အနားယူလှုပ်ရှားရေးနေရာများ မလုံလောက်ပါ။
3. ပန်းခြံများ နှင့် အနားယူလှုပ်ရှားရေးနေရာများ မလုံလောက်ပါ။
4. ကျောင်းမှာ လူဆိုးဂိုဏ်းများ ရှိနေကြလို့ လုံခြုံမှုဟာ ပျမ်းမျှထက် နိမ့်ကျနေခြင်း။
5. ပါဝင်ဖြေကြားခဲ့ကြသူ 40.9% တို့က ပညာရေးအရည်အသွေး ဟာ နိမ့်ကျတယ်လို့ အမှတ်ပေးကြပါတယ်။

**ရပ်ကွက်ပြည်သူများ လိုလားကြတာက-**

1. လူငယ်များကိုယ်တိုင် ဦးဆောင်ပြုစုပေးကြတဲ့ ကျောင်းပြီး နောက်ပိုင်း နှင့် နွေရာသီ အစီအစဉ်များတိုးလုပ်ပေးရန်။
2. လူငယ်ဆိုးသွမ်းမှု နှင့် ကျောင်းပျက်မှုကို လျှော့ချပစ်နိုင်အောင် စီမံကိန်းများ ရေးဆွဲပေးရန်။
3. အုပ်ထိန်းခံနေကြရတဲ့ ဆယ်ကျော်သက်များကို အားပေးရေး လုပ်ငန်းများ တိုးပြီးချမှတ်ပေးရန်။
4. အလယ်တန်းကျောင်းများက စိုးရိမ်ရတဲ့ လူငယ်များအတွက် ကျောင်းဖက်မှ စွက်ဖက်ထိန်းသေးရန်။
5. ကျောင်းများမှာ ''ဦးနှောက်ယိုစီးမှု'' ကို လျှော့ချပစ်ဖို့ စွယ်စုံ နှင့် ပိုတော်ကြတဲ့ ဆရာများကို ထားပေးရန်။
6. ဆရာများအနေနှင့် တာဝန်မျိုးစုံ မယူရအောင် အကြံပေးများကို တိုးပြီးခန့်ပေးရန်။

**ရပ်ကွက်ပြည်သူများ လိုလားကြတာက-**

1. ဝန်ဆောင်မှုများ ပေးကြတဲ့ အေဂျင်စီများကို ထိန်းပေးရန်။
2. Building Healthy Community လုပ်ငန်းများ ပြတ်သား ရှင်းလင်းရန်။
3. ဆက်သွယ်ရေးစနစ် (30% တို့ဟာ အင်တာနက် မရှိကြပါဘူး) ။
4. ငွေကြေးများဟာ ရပ်ကွက်ထဲမှာဘဲ ကျန်ရစ်ကြလျက် အေဂျင်စီ များဖက်မှ စုပ်ယူမသွားကြရန်။

*လက်ရှိပရိုဂျက်ကို California Endowment Post ရဲ့ ရက်ရောတဲ့ ထောက်ကြေးများဖြင့် ရုပ်လုံးဖေါ်ခဲ့ပါတယ်။ ရက်စွဲ- 2010 ခုနှစ် ဇန်ဝါရီ 26 ရက်။*

အစီရင်ခံစာအပြည့်ကို ဖတ်ရှုရန် ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုဒ်- http://www.midcitycan.org/files/Data/100119-BHC_Preliminary_Findings.pdf

*အိမ်ယာအစည်းဝေး ခေါင်းဆောင်များ (House Meeting Leaders) နှင့် Building Healthy Communities Initiative တို့အကြောင်း ပိုသိလိုကြပါက Nohelia Patel Lead Organizer ကို 619/283-9624 x 217မှာဖြစ်စေ၊ အီးမေးလ်် npatel@midcitycan.org. မှာဖြစ်စေ ဆက်ကြပါ။*